# အရက်သမားတဦး၊ ကျွန်တယောက်နဲ့ ခွေးတကောင်တို့အကြောင်း


**သူရိန်ထက်**


### ကြာနီကန်ဆရာတော်ရဲ့ အဖြစ်အပျက်တခု

လွန်ခဲ့နှစ်လောက်က ကြာနီကန်ဆရာတော်ရဲ့ တရားခွေတွေ ပြန်နားထောင်ဖြစ်ပါတယ်။ ကြာနီကန်ဆရာတော်ဟာ ကျနော်တို့ လူမှန်းမသိတတ်ခင်ကတည်းက ပျံလွန်တော်မူခဲ့တာဖြစ်ပေမယ့် ဆရာတော်ရဲ့ တရားတွေနဲ့ ကျနော်တို့ ငယ်ဘဝတွေကို ဖြတ်သန်းခဲ့ရတာပါ။ ဆရာတော်က ဟိုးတခေတ်က ဇာတ်ပွဲတွေနဲ့တောင် အပြိုင်ဟောခဲ့လောက်အောင်ကို ထင်ရှားခဲ့ပါသတဲ့။ တရားတော်တွေကို အဆိုအငိုတွေနဲ့ ဟောတတ်တာကြောင့် အဲဒီခေတ်က အတော်လေးလည်း ဝေဖန်ခံခဲ့ရရှာပါတယ်။ ဒါပေမယ့် ကျမ်းပြုစာချ ဆရာတော်ကြီးတပါးက ‘သူ့တရားပွဲက ကလေးတွေလာတယ်၊ ဟောပါစေ’လို့ အမိန့်ရှိခဲ့ဖူးတာလည်း မှတ်သားဖူးပါတယ်။

ဆရာတော်ရဲ့ ညတရားပွဲတခုမှာ တရားနာပရိသတ်ကလည်း အလွန်စည်ကားနေချိန် အရက်သမားတယောက်က ဘေးကနေ (အရက်မကောင်းကြောင်း ဟောဖူးတာကြောင့်လို့ထင်ပါရဲ့) ဆရာတော်ကို မူးမူးနဲ့ ရိုက်မယ် နှက်မယ် ဆိုပြီး စော်ကားတာမျိုး ကြုံရပါသတဲ့။ တရားနာပရိသတ်ထဲက လူငယ်တွေက ဆရာတော်ကို စော်ကားရမလားဆိုပြီး ရိုက်နှက်မလိုဟန့်တားတာတွေရှိသလို အဖွားအို တချို့ကလည်း ‘ဘယ်သူ့သားလဲဟဲ့ ... စော်ကားရက်လေးခြင်း’ ဆိုပြီး စိတ်မကောင်းဖြစ်ပြီး မျက်ရည်ကျတာတွေလည်း ရှိခဲ့ဖူးပါသတဲ့။ တရားနာပရိသတ်ဆိုတော့လည်း ဒီစော်ကားမှုကို ထိန်းထိန်းသိမ်းသိမ်းနဲ့ပဲ အမူးသမားကို ခေါ်ထုတ်သွားလို့ ပြသနာမဖြစ်ခဲ့ပါဘူး။

နောက်တရက်အရောက်မှာတော့ အမယ်အိုတယောက်က သားဖြစ်သူကို ဆွဲခေါ်လာပြီး ဆရာတော်ဆီ ရောက်လာပါတယ်။ ဟုတ်ပါတယ်။ သားဖြစ်သူက မနေ့ညက အရက်တွေမူးပြီး ဆရာတော်ကို စော်ကားခဲ့သူပါ။ အမယ်အိုက သားဖြစ်သူလုပ်ရက်အတွက် ရှက်လွန်းလို့ အရပ်မှာ မျက်နှာတောင်မပြဝံ့ရှာပဲ ဆရာတော်ကို သားဖြစ်သူနဲ့အတူ လာပြီး ....

‘အရှင်ဘုရား ... တပည့်တော် သားတယောက်မွေးထားတာမဟုတ်ဘူးဘုရား၊ ခွေးတကောင်မွေးမိတာပါ၊ ခွေးထက်မိုက်တဲ့ သားပါဘုရား..’ ဆိုပြီး သာသနာတော်ကို စော်ကားတဲ့သားအတွက် မျက်ရည်တွေကျပြီး တောင်ပန်းရှိခိုးရှာပါသတဲ့။ သားဖြစ်သူကလည်း နောင်တနဲ့ မျက်နှာလေးငယ်ပြီး လက်အုပ်ကလေးချီလို့။

မြန်မာလူမျိုးတွေရဲ့ ဓလေ့သဘာဝလေးကို မြင်ယောင်ရင်း ‘သားသမီးမကောင်း မိဘခေါင်း’ ဆိုသလို သားသမီး တွေ တခုခု မိုက်လုံးကြီးပြီဆို မိဘများ ဘယ်လောက် အရှက်ကွဲရ မျက်နှာငယ်ရတာကိုလည်း တွေးကြည့်နေမိပါတယ်။

### ရာဇဝင်ထဲက အဖြစ်အပျက်တခု

မြန်မာရာဇဝင်တွေထဲမှာ ပင်းယမြို့ကိုတည်ခဲ့တဲ့ သီဟသူရဲ့ သားတော်တွေဖြစ်တဲ့ ငါးစီးရှင်ကျော်စွာနဲ့ အသင်္ခရာစောယွမ်း တို့ အကြောင်းလေးဟာ ထင်ရှားပါတယ်။ သီဟသူရဲ့ တောင်နန်းစံက သားတော်ဥဇနာ၊ကျော်စွာနဲ့ နော်ရထာတို့ကို မွေးဖွားခဲ့သလို မြောက်နန်းစံက အသင်္ခယာစောယွမ်းကို မွေးခဲ့တာပါ။ အသင်္ခယာစောယွမ်းဟာ ထက်မြက်သူတယောက်ဖြစ်ပြီး ဘုရင်သီဟသူရဲ့ မြှောက်စားတာထားပါတယ်။ ဒါကြောင့်လည်း ဆင်မြင်းဗိုလ်ပါနဲ့ စစ်ကိုင်းကို စားခွင့်ရတဲ့အခါ သီးခြားလက်နက်နိုင်ငံထူထောင်ခဲ့ပါတယ်။ ဘုရင် သီဟသူက ဥဇနာနဲ့ ကျော်စွာကို သွားတိုက်စေပြီး တဖက်လှည့်နဲ့ စောယွမ်းကို သတင်းကြိုပေးထားတာကြောင့် စောယွမ်းက ကြိုတိုက်ခိုက်တာခံရပြီး မင်းသား ဥဇနာနဲ့ ကျော်စွာတို့ အရေးနိမ့်ခဲ့ဖူးပါတယ်။ ဒီရာဇဝင်ကြွေးဟာ ဘုရင် သီဟသူ ကံတော်ကုန်ပြီး ဥဇနာ နန်းတက်၊ နောက်ဆင်ဖြူတစီးသာပိုင်တဲ့ သူ့ထက် ဘုန်းကြီးတယ်ဆိုပြီး ဆင်ဖြူငါးစီးပိုင်တဲ့ ညီတော် ကျော်စွာကို နန်းလွှဲပေးခဲ့ပါတယ်။ ငါးစီးရှင်ကျော်စွာ းနန်းတက်ပြီး နောက်ပိုင်းမှာ ရာဇဝင်ကြွေးရှိခဲ့တဲ့ ရန်သူတော် အသင်္ခယာစောယွမ်းကို လုပ်ကြံဖို့ လူယုံ ခေင်ညိုကို လွှတ်လိုက်ပါတယ်။

ခေင်ညိုက စစ်ကိုင်းဖက်ကိုကူးပြီး အခြေအနေ မလှုသေးလို့ တောထဲမှာ သုံးရက်လောက်ပုန်းအောင်းပြီး နောက်ညမှာ အသင်္ခယာစောယွမ်းရဲ့ စက်ရာဆောင်ကို ဝင်ရောက်နိုင်ခဲ့ပါတယ်။ သုံးရက်လောက်ပုန်းအောင်းနေရလို့ ဗိုက်ဆာနေတဲ့ ခေင်ညိုဟာ မင်းမဟာဂီရိနတ်ကို ရွှေစလောင်းနဲ့တင်ထားတဲ့ ထမင်းဟင်းတွေမြင်ရလို့ အားပါးတရ စားသောက်လိုက်ပါသတဲ့။

စားသောက်ပြီးတော့ စောယွမ်းရဲ့ စက်ရာသလွန်နားကပ်ပြီး လုပ်ကြံဖို့ ဓါးထုတ်လိုက်တုန်းမှာ တခုတွေးလိုက်မိပါတယ်။ ‘ငါ၏ ထမင်းရှင် ဖြစ်ခဲ့ပြီ’ ဆိုတဲ့အတွေးပါ။ ဒါပေမယ့် နောက်အတွေးတခုက ‘ငါ့အရှင်ခိုင်းတဲ့အတိုင်း လုပ်ကြံမှ ကျွန်ကောင်းပီသမယ်’ ဆိုတဲ့ အတွေးပါ။ ဆက်ပြီး ‘လုပ်ကြံဖို့ အခွင့်သာရဲ့သားနဲ့ မလုပ်ကြံလျှင် ငါ့အရှင် ငါ့ကိုမျက်ပြီး ငါအသက်ဆုံးမည်’ ဆိုတဲ့အတွေးကလည်း ဝင်လာပါတယ်။ ဓါးကိုထုတ်ပြီး ချီတုံချတုံဖြစ်နေပါပြီ။ နောက်တော့ ‘ငါ့အရှင်မျက်ပြီး သေရလျှင် တသက်သာ။ ထမင်းသခင်ကို ပြစ်မှားသော် သံသရာဝယ် အပယ်၌သာ ခံရမည်၊ အပယ်မှလွတ်၍ လူအဖြစ်ကိုရဘိဦး.. ယုတ်စွာသောကိုယ်အဖြစ်သာ ရှိလေရာသည်’ လို့ တွေးမိပြန်ပါတယ်။ နောက်ဆုံးမှာတော့ ခေင်ညိုဟာ ပြတ်သားတဲ့ ဆုံးဖြတ်ချက်ကိုချလိုက်တယ်။ စောယွမ်းရဲ့ ပတ္တမြားဓါးကိုယူပြီး ပြန်ခဲ့တယ်။ သခင်ဆီရောက်ရင် သေမိန့် ကို နာခံဖို့ အသင်ပြင်ပြီးလို့ပေါ့။ ပဒေသရာဇ်ခေတ်မှာ ရှင်ဘုရင့်အမိန့်ကို လွန်ဆန်ပြီး ဘုရင့်ရန်သူကို မလုပ်ကြံခဲ့တဲ့ တာဝန်မကျေတဲ့သူအတွက် သေမိန့်နဲ့ပဲ ထိုက်တန်ပေမပေါ့။

ဘုရင် ငါးစီးရှင်ကျော်စွာဆီရောက်လို့ အဖြစ်အပျက်ကိုတင်ပြပြီး ‘သေမိန့်’ကို နာခံဖို့ အသင့်ဖြစ်နေချိန်မှာ ငါးစီးရှင် ကျော်စွာက ‘ငါ့ကျွန်သည် ထမင်းတစလောင်းကိုလျက် သူ့ကျေးဇူးကိုသိသည်။ နေ့တိုင်းမပြတ် သားမယားနှင့်တကွ ငါကျွေးမွေးသော ကျေးဇူး

သော်ကား အဘယ်ဆိုဖွယ်ရာရှိတော့အံ့နည်း’ ဆိုပြီး ဆုလာဘ်စည်းစိမ်ကို ပေးသနားတော်မူပါသတဲ့။

ငါးစီးရှင်ကျော်စွာနဲ့ ခင်ညိုတို့က ရာဇဝင်ထဲမှာ ကျန်ရစ်ခဲ့ပါပြီ။ ဒါပေမယ့် ငါးစီးရှင် ကျော်စွာရဲ့ ဘုရင်ပီသမှု အမျှော်အမြင်ရှိမှုကတော့ လေးစားစရာအဖြစ် တည်ရှိနေဆဲဖြစ်ပါတယ်။ အထူးသဖြင့်တော့ ကျွန်ယုံခင်ညိုရဲ့ ကျေးဇူးသိတတ်ပုံကို တွေးမိတိုင်း ကြည်နူးလေးစားနေမိပါတယ်။

## ငယ်ငယ်တုန်းက အဖြစ်အပျက်တခု

ငယ်ငယ်က ကျနော်တို့အိမ်နားက အဖိုးကြီး တယောက်ဟာ ခွေးတကောင်မွေးထားပါတယ်။ ခွေးက တကောင်တည်းဆိုပေမယ့် အိမ်ရှင်အတွက်တော့ သိပ်ကောင်းတဲ့ခွေး၊ စိတ်ချရတဲ့ခွေး၊ အိမ်လုံတဲ့ခွေးဖြစ်ပေမယ့် ကျနော်တို့ကလေးတွေအတွက်တော့ တော်တော်ဆိုးတဲ့ခွေး၊ အကိုက်ကြမ်းတဲ့ခွေးပါ။ ခေါင်းရွက်ဗျက်ထိုး ဈေးသည်တွေတောင် အဲဒီအိမ်နားရောက်ရင် မအော်ရဲပါဘူး။ မကြာမကြာလိုက်ကိုက်လွန်းလို့ သတိနဲ့ ရှောင်ကွင်းသွားရတဲ့ခွေးပါ။ ကျနော်တို့ကလေးတွေက  ပြေးလွှားကစားရင်း သူ့အိမ်နားရောက်ရင် လိုက်ကိုက် လိုက်ဆွဲပါတယ်။ ဒါပေမယ့် အနီးအပါးမှာ ကစားကွင်းကလည်း မရှိ၊ မကစားပဲလည်း မနေနိုင်ဆိုတော့ ခွေးနဲ့ ငြိမ်းချမ်းရေးယူရပါတယ်။ ကျနော်တို့ စားမယ့်မုန့်နည်းနည်းကိုပဲဖြစ်ဖြစ်၊ ထန်းလျက်တွေပဲဖြစ်ဖြစ် ပစ် ပစ် ကျွေးပါတယ်။ အစပိုင်းတော့ ဟောင်မြဲ ကိုက်မြဲပါ။ ဒါပေမယ့် နောက်တော့ ကျနော်တို့နဲ့ မဟောင်တော့ပဲ ယဉ်ပါးလာပါတော့တယ်။

ဒီလိုနဲ့ တရက် အဲဒီခွေးကြီးဟာ ပါးစပ်မှာ အမြှုပ်တွေ ထွက်တာတွေ့တယ်၊ ရူးသွားပြီလို့ သတင်းကြားရပါတယ်။ ဖြစ်ချင်တော့ ညနေဖက်  ကျနော်ကျောင်းက ပြန်လာတော့ လမ်းထိပ်နားမှာ အဲဒီခွေးနဲ့ တည့်တည့်တိုးပါလေရော။ ကျနော်လည်း တော်တော်လန့်သွားပါတယ်။ ခွေးက ကျနော်ကို ရှုတည်တည်နဲ့ ကြည့်နေပါတယ်။ ပုံမှန်မဟုတ်တာတော့ အမှန်ပဲ။ အခုချိန်သာ ပြေးကိုက်လိုက်ရင် ဆိုတဲ့အတွေးနဲ့ ကျနော် ကြောင်ပြီး ရပ်နေမိပါတယ်။ ခွေးက ကျနော်ကို စူးစူးစိုက်စိုက်ကြည့်ပြီး တဖက်ကို ချာကနဲ လှည့်ထွက်သွားပါတော့တယ်။ မကြာခင်မှာပဲ ခွေးရူး ဟေ့ ဆိုပြီး ရပ်ကွက်သားတွေ လက်ချက်နဲ့ အဲဒီခွေးကြီး သေသွားပါတော့တယ်။

ကျနော့်အထင်တော့ ကျနော်နဲ့တွေ့တဲ့အချိန်က အဲဒီခွေးဟာ သွက်သွက်ခါ ရူးသွားတာမဟုတ်သေးပေမယ့် စိတ်ဖေါက်စ ပြုနေလောက်ပါပြီ။ ဒါပေမယ့် မကြာခဏ မုန့်တွေဖဲ့ကျွေး၊ ထန်းလျက်တွေပစ်ကျွေးနဲ့ အစာကျွေးခဲ့တဲ့ ကျနော့်ကို မကိုက်ရဘူးဆိုတဲ့ အသိတရားရှိနေသေးဟန်တူပါတယ်။ ကျေးဇူးတရားကို သိတတ်တဲ့ အဲဒီခွေးကို ကျနော် မကြာခဏ အမှတ်ရမိနေတတ်ပါတယ်။

အထူးသဖြင့်တော့ ခွေးထက်မိုက်တဲ့သူတွေကို မြင်တွေ့ရတိုင်း ပိုပြီး သတိရနေမိပါတယ်။

**သူရိန်ထက်**

**၁. ၁၀. ၂၀၀၇**